# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်
# ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့
# ဒုတိယနေ့ အစည်းအဝေးမှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို စတင်ပါတော့မယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးမဂ်လာပါ။

မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေး မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၆၈)ဦး ရှိပြီး အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၉.၄၀) ရာခိုင်နှုန်းရှိပြီး သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ပြုလုပ်ကျင်းပတဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ ၁၁-၃-၂၀၁၆ ရက်နေ့ အစည်းအဝေးသို့ ခွင့်ပန်ကြားသူ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မရှိပါ။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

## ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၆၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး ယနေ့ ခွင့်ပန်ကြားသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ခ)အရ ယခု ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းများ အမည်စာရင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့မှာ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားတဲ့ ဒုတိယသမ္မတလောင်း(၂) ဦးရဲ့ အမည်စာရင်းကို အက္ခရာစဉ်အလိုက် ကြေညာပါမယ်-

(က) ဦးခင်အောင်မြင့်၊

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၈ )

(ခ) ဦးဟင်နရီဗန်ထီးယူ၊

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ ) တို့ဖြစ်ပါတယ်။

## ဒုတိယသမ္မတလောင်း အမည်စာရင်း တင်သွင်းရာ၌ (၂) ဦးရှိသဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲ ပေး၍ ရွေးချယ်တင်မြှောက်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယ သမ္မတလောင်းများ၏ အဆိုပြုလွှာကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၉ အရ ယမန်နေ့က စိစစ်ရာ ပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဒုတိယ သမ္မတလောင်း (၂)ဦးအနက်မှ ဒုတိယ သမ္မတတစ်ဦး ရွေးချယ်တင်မြှောက် နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၂ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ် တင်မြှောက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးပွဲ မစတင်မီ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ မဲဆန္ဒပေးပုံပေးနည်းကို ရှင်းလင်းပြောကြားလိုပါတယ်။

ရွေးချယ်တင်မြှောက်ခြင်းကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ အရ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ဖို့ ဆန္ဒမဲပေးပွဲကို ဥက္ကဋ္ဌ ဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် ကြီးကြပ်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ် အစုအဖွဲ့ အားလုံးရဲ့ ရှေ့မှောက်မှာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အထူးအားဖြင့် ပြောဆိုလိုတာကတော့ အားလုံးရဲ့ ရှေ့မှောက်မှာ ဆိုတဲ့အပြင် ဒုတိယသမ္မတလောင်းများ၊ ၎င်းတို့ကို အဆိုပြုထားသူများနဲ့ ထောက်ခံသူများဟာ ဆန္ဒမဲပေးပုံအဆင့်ဆင့်ကို အစအဆုံးအနီးကပ် လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ကြားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့နေရာမှာ ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုဖို့ ပြင်ဆင်ပေးထားတဲ့ နေရာမှာ ဆန္ဒပြုနိုင်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန် အမှတ်အသား၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေ အမှတ်အသား အထင်အရှား ပြုရမှာ ဖြစ်ပါတယ်။

ထပ်မံသတိပေးလိုတာကတော့ ဆန္ဒမဲလက်မှတ်ပေါ်မှာ ဆန္ဒပြုရာမှာ ထောက်ခံသူကို အမှန်အမှတ်အသားပြုပြီးတော့ ကန့်ကွက်သူကို ကြက်ခြေအမှတ်အသား မပြုလျှင် အဲဒီ ဆန္ဒမဲ လက်မှတ်ကို ပယ်မဲ အဖြစ် သတ်မှတ်မှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီမှာ သေချာထပ်ပြီး တင်ပြလိုတာကတော့ ဒီ နိုင်ငံတော်သမ္မတနဲ့ ဒုတိယ သမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ ၊ နည်းဥပဒေခွဲ(စ)မှာ ဘယ်လိုပြဋ္ဌာန်းထား သလဲဆိုလို့ရှိရင် ယင်းသို့ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန် အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရ မည်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းထားချက် ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ အားလုံးဟာ ဒီ ဥပဒေအတိုင်း လိုက်နာရမှာ ဖြစ်ပါတယ်။ အဲဒီလို မလိုက်နာ ဘဲနဲ့ ကျွန်တော်ခုန တင်ပြသလို အမှန် အမှတ်အသားပဲ ခြစ်ပြီးတော့ ကြက်ခြေခတ် မပါလို့ရှိရင်လည်း ဒါဥပဒေကိုလိုက်နာတာမဟုတ်တဲ့အတွက် ဒါကျွန်တော်တို့ပယ်မဲအဖြစ် သတ်မှတ်မှာ ဖြစ်တဲ့အကြောင်း ကြိုတင်ပြီးတော့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။

ဒီ ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲ လက်မှတ်ကို ကျွန်တော့် ရှေ့မှောက်မှာ လာရောက်ပြသဖျက်ဆီး ပြီးတော့မှ ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးဖို့တောင်းခံ နိုင်ပါတယ်။

ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲ လက်မှတ်များကို နိုင်ငံတော် သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (ဃ)နှင့် အညီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ အားလုံး မြင်သာအောင်အပေါ်မှာ တက်ပြီးတော့ ရေတွက်ပြမှာ ဖြစ်ပါတယ်။

ယခု ဆန္ဒမဲများကို ရေတွက်မှာ ဖြစ်ပါတယ်။

ခုန ကျွန်တော် ကြေညာထားတဲ့အတိုင်း ရွေးကောက်တင်မြှောက် ထောက်ခံတဲ့သူတွေ လာရောက်ကြည့်ရှုနိုင်ပါတယ်။ ပိုသေချာအောင် အနီးကပ်ကြည့်ရှုမယ်ဆိုလျှင်-

[အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်]

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲမှာ အသုံးပြုဖို့ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ (၁၈၀) ရွက် ဖြစ်ပါတယ်။ တက်ရောက်တဲ့ပုဂ္ဂိုလ်(၁၆၇)ယောက် ဖြစ်တဲ့အတွက် ပိုတဲ့ (၁၃) မဲကို ကျွန်တော့်ထံမှာ ထားမှာဖြစ်ပါတယ်။

ယခု အချိန်ကစပြီး ဒုတိယသမ္မတတစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ မဲဆန္ဒလက်မှတ်များကို ရှေ့မှောက်မှာရှိတဲ့ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းအဖွဲ့ထံကနေ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး ထုတ်ယူကြဖို့ ဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန် အစည်းအဝေး ခန်းမအတွင်း သီးသန့်စီစဉ်ထားတဲ့ နေရာတွေမှာ ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပုံးအတွင်း ထည့်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဒီ ဝဲဘက်အခြမ်းမှာရှိတဲ့ ကိုယ်စားလှယ်များနဲ့ ဒီ ရှေ့တည့်တည့် အလယ်အကန့် မှာရှိတဲ့ ကိုယ်စားလှယ်များက ဆန္ဒမဲထုတ်ယူဖို့ စားပွဲအမှတ်(၁)မှာ လည်းကောင်း၊ ကျွန်တော့်ရဲ့ ညာဘက် အခြမ်းမှာရှိတဲ့ ကိုယ်စားလှယ်များက ဆန္ဒမဲထုတ်ယူဖို့ စားပွဲအမှတ်(၂)မှာ ကျွန်တော်တို့ စီစဉ်ထားပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေ၊ နည်းဥပဒေအရ လွှတ်တော်တွင်း ဆန္ဒမဲခွဲတဲ့ နေရာမှာ သာမန်အားဖြင့်ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌက ဆန္ဒ မဲပေးခြင်း မပြုဘဲ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တိုက်နေတဲ့အချိန်မှသာ အနိုင်မဲပေးဖို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ သို့သော် ဒုတိယ သမ္မတလောင်း ရွေးချယ်တဲ့ကိစ္စ၊ သမ္မတလောင်း ရွေးချယ်တဲ့ ကိစ္စမှာ ဥက္ကဋ္ဌဟာ အများနည်းတူ ဆန္ဒမဲပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအများနည်းတူ ဆန္ဒမဲပေးတဲ့အခါမှာ

ဥက္ကဋ္ဌအနေနဲ့ အောက်ကို ဆင်းပြီး ပထမဆုံး မဲပေးပါမယ်။ ဥက္ကဋ္ဌက မဲပေးပြီးတဲ့နောက်မှာ ကျန်တဲ့ ကိုယ်စားလှယ်များကို အတန်းလိုက် ခေါ်မှာ ဖြစ်ပါတယ်။

ယခု ဥက္ကဋ္ဌ ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ စပြီး ဆန္ဒမဲပေးမှာ ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပါသည်။]

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု A တန်းမှ စပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ယခု B တန်းမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ယခု C တန်းမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင် ကြပါပြီ။

ယခု D တန်းမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင် ကြပါပြီ။

ယခု E တန်းမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင် ကြပါပြီ။

ယခု F တန်းနှင့် G တန်းမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[A တန်းမှ G တန်းအထိ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲ လက်မှတ်များကို ထုတ်ယူ၍ ဆန္ဒမဲ ပေးကြပါသည်။]

**ဥက္ကဋ္ဌ။** ။ ဆန္ဒပြုရန် ကျန်တဲ့ ကိုယ်စားလှယ်များ ရှိပါက ဆန္ဒမဲ လက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က မဲလက်မှတ်များ ထုတ်ပေးတဲ့စာရင်းတွေ စိစစ်ပြီး အားလုံး ပြီး/မပြီး သတင်းပို့ရန် ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဇ)အရ ကိုယ်စားလှယ်များအား ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်း ရှိ/မရှိ ရေတွက်မှာ ဖြစ်ပါတယ်။

တကယ်လို့ ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်က (၁၆၇)မဲ ဖြစ်ပြီးတော့ မဲပုံးထဲက ပြန်ပြီး စိစစ်ရေတွက်တဲ့ အရေအတွက်ဟာ (၁၆၇)မဲထက် ပိုပြီး ရှိနေမယ်ဆိုရင် နောက်တစ်ကြိမ် ပြန်ပြီးတော့ ရွေးချယ်တင်မြှောက်ရပါမယ်။

သို့ရာတွင် ထုတ်ယူသွားတဲ့ ဆန္ဒမဲလက်မှတ်(၁၆၇)မဲ ရှိတဲ့အနက် မဲပုံးထဲမှာ ပြန်ထုတ်တဲ့အခါမှာ (၁၆၇)မဲထက် လျော့နည်းနေပါက ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ယခုအချိန်ကစပြီးတော့ ထုတ်ပေးထားတဲ့ အရေအတွက်နဲ့ မဲပုံးထဲမှာ ရှိတဲ့အရေအတွက်ကို ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေတွက်ပြီး စစ်ဆေးပါ။ အဲဒီ ရေတွက်ပြီးတဲ့အချိန်မှာ အနားမှာ အခြားစာရွက်စာတမ်းများ ဘာမှမရှိအောင် ဂရုပြုပြီးတော့ဆောင်ရွက်ပါ။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ မဲဆန္ဒလက်မှတ် အရေအတွက်မှာ (၁၆၇)မဲဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာလည်း (၁၆၇) မဲ ဖြစ်တဲ့အတွက် ကိုက်ညီမှု ရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဇ)၊ နည်းဥပဒေခွဲငယ် ၃ အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းတစ်ဦးစီရရှိတဲ့ ဆန္ဒမဲ လက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်မှာ ဖြစ်ပါတယ်။ ဒုတိယသမ္မတလောင်းတစ်ဦးချင်းစီအတွက် အဆိုပြု၊ ထောက်ခံထားကြတဲ့ ကိုယ်စားလှယ်များကို ဆန္ဒမဲ လက်မှတ် ရေတွက်တဲ့ နေရာသို့ ကြွရောက်ကြည့်ရှုနိုင်ကြောင်း ဖိတ်ကြားပါတယ်။

အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပယ်မဲဖြစ်နိုင်တဲ့ မဲမျိုးတွေ့လို့ရှိရင် ဥက္ကဋ္ဌထံ တင်ပြဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌက ပယ်မဲ ဟုတ်/မဟုတ် ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၅ အရ ပယ်မဲ အဖြစ်သတ်မှတ်ချက် (၇)ချက် ရှိပါတယ်။ ဒါတွေကတော့ -

(၁) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံး ပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(၂) ဒုတိယသမ္မတလောင်း တစ်ဦးထက်ပို၍ ထောက်ခံ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၃) မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်၊

(၄) အမှန်အမှတ်အသား (✓)နှင့် ကြက်ခြေအမှတ်အသား (✗) များမှအပ အခြား အမှတ်အသား ပြုထားသည့် ဆန္ဒမဲ လက်မှတ်၊

(၅) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲ လက်မှတ်၊

(၆) အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်လက်မှတ် ရေးထိုးထားခြင်း မရှိတဲ့ ဆန္ဒမဲ လက်မှတ်၊

(၇) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် တို့ဖြစ်ပါတယ်။ ဒါတွေကတော့ ပယ်မဲပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ယခု စတင်ရေတွက်လို့ ရပါပြီ။

[အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒပြုထားသည့် ဆန္ဒမဲအရေအတွက်ကို ရေတွက်ပါသည်]

ယခု ဒုသမ္မတလောင်း တစ်ဦးချင်းစီရရှိတဲ့ ဆန္ဒမဲအရေအတွက်ကို ရေတွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီရေတွက်မှုကို လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆန္ဒမဲပေးပွဲမှာ ကျွန်တော်တို့ ပယ်မဲအဖြစ် သတ်မှတ် သင့် မသင့် ကျွန်တော်တို့ လက်မှတ်တွေ ကျွန်တော်ဆီ ရောက်ရှိလာပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဘယ်သူ့ကိုမှ ဆန္ဒမပြုထားတဲ့ လက်မှတ်က (၃)စောင် ရှိပါတယ်။ ကျွန်တော်တို့ အဲဒါကတော့ ဒီ သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေး နည်းဥပဒေ ၁၅ (ဂ)မှာ ကျွန်တော်တို့ ဒါ ပယ်မဲအဖြစ်သတ်မှတ်ရမယ်လို့ ကျွန်တော်တို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် ဒါကို ပယ်မဲ အဖြစ်သတ်မှတ်ရမယ်လို့ဥပဒေက အတိအကျ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ ဆန္ဒမဲလက်မှတ် (၃)ခုကို ကျွန်တော်တို့ ပယ်မဲအဖြစ် သတ်မှတ်ထားပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဒီမှာ အမှန် အမှတ်အသား ခြစ်ထားပြီးတော့ ကျွန်တော်တို့ ကြက်ခြေအမှတ်အသား မခြစ်ထားတဲ့ လက်မှတ်(၃)စောင် ရှိပါတယ်။ အဲဒါလည်း ကျွန်တော် အစီအစဉ်(၅)မှာတင်ပြထားခဲ့တဲ့အတိုင်းပဲ ဒီလိုကြက်ခြေခတ်အမှတ်အသား မခြစ်လို့ရှိရင် ကျွန်တော်တို့ ပယ်မဲအဖြစ် သတ်မှတ်မယ်လို့ ကြိုတင်ပြီးတော့ ကျွန်တော်တင်ပြထားပြီး ဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော် ကြိုပြီးတော့ တင်ပြထားသလဲဆိုလို့ရှိရင် ကျွန်တော်တို့ ဒီပယ်မဲဥပဒေမှာကတော့ ဒီလို အကြောင်းနဲ့ပတ်သက်လို့ မပါခဲ့ပါဘူး။ ဒါပေမယ့် အစီအစဉ်(၅)မှာ ကျွန်တော်ပြောထားသလိုပဲ ဒီ သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးကောက်တင်မြှောက်ခြင်း နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(စ)မှာ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသားကို လည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေခတ်အမှတ်အသားကို လည်းကောင်း အထင်အရှား ပြုရမည်လို့ ကျွန်တော်တို့ ဥပဒေမှာပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဆိုတာလည်း ဥပဒေပြုတဲ့အဖွဲ့အစည်း တစ်ခုဆိုတာ ဒါ အားလုံးသိပြီး ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေပြုတဲ့ လွှတ်တော်ကိုယ်တိုင်က ဥပဒေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ခုန အထက်ကပြောတဲ့ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(စ)မှာ ထောက်ခံသူကို အမှန်အမှတ်အသား၊ ကန့်ကွက်သူကို ကြက်ခြေခတ်အမှတ်အသား ခတ်ရမယ်ဆိုတာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက လိုက်နာရမှာ ဖြစ်ပါတယ်။ မလိုက်နာလို့ မရပါဘူး။

ကျွန်တော်တို့ မလိုက်နာဘဲနဲ့ ခွင့်ပြုလိုက်မယ်ဆိုရင် ဒီ ဥပဒေဟာ အလကားဖြစ်သွားမယ့် အနေအထား ဖြစ်ပါတယ်။ ဥပဒေက အာဏာသက်ရောက်မှု မရှိဘူး ဖြစ်ပါတယ်။ နောက်တစ်ခါ အဲဒီလို မဲပေး လိုက်တဲ့သူအနေနဲ့ ငါ ဒီလို ဥပဒေနဲ့ မညီ လုပ်လိုက်ပေမယ့် လက်ခံလိုက်ရင် ငါလုပ်တဲ့ လုပ်ရပ်ဟာ ရတယ်ဆိုတဲ့ အစွဲလည်း စွဲသွားမယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ခုန အစီအစဥ်(၅)မှာကတည်းက ကြေညာထားပြီး ဖြစ်ပါတယ်။ ဒီ အမှန်အမှတ်အသားပဲ ခြစ်ပြီး၊ ကြက်ခြေခတ် အမှတ်အသား မခြစ်လို့ရှိရင် ပယ်မဲအဖြစ်သတ်မှတ်မယ်လို့ ကျွန်တော်တို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီခုန အမှန်အမှတ်အသားသာ ပါပြီးတော့ ကြက်ခြေခတ် အမှတ်အသား မပါတဲ့ မဲလက်မှတ်(၃)ခုကို လည်း ကျွန်တော်ပယ်မဲအဖြစ် သတ်မှတ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဒီ ဆန္ဒမဲလက်မှတ်မှာ ကျွန်တော်တို့ ဒီမှာ အကန့်လေးတွေပါတယ်။ ပထမဆုံးကြည့်လို့ရှိရင် ကျွန်တော်တို့ အမှတ်အသား၊ ဒုတိယသမ္မတလောင်း အမည်၊ နောက် နိုင်ငံသား စိစစ်ရေး အမှတ်အသားအမှတ်၊ မဲဆန္ဒနယ်၊ အလုပ်အကိုင်၊ ပါတီ၊ တစ်သီးပုဂ္ဂလ၊ ထောက်ခံ၊ ကန့်ကွက် ဆိုပြီးတော့ အကွက်ကလေးတွေ ပါသွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒီမှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် တစ်သီးပုဂ္ဂလဆိုတဲ့ အကွက်က တစ်ကွက်သွားပါနေပါတယ်။ ဆန္ဒမဲလက်မှတ်မှာ ပါနေတဲ့ အခါကျတော့ အခု ကျွန်တော်တို့ ဒီ ဆန္ဒမဲပြုရာမှာ တစ်သီးပုဂ္ဂလ တစ်ယောက်မှ မပါပါဘူး။ အဲဒီအကွက်မှာ ဒီ ကိုယ်စားလှယ် အနေနဲ့ သွားပြီးတော့ အမှန် အမှတ်အသားနဲ့ ကြက်ခြေခတ် အမှတ်အသား သွားခြစ်ထား တာ တွေ့ရပါတယ်။ အဲဒါက ဘယ်နှစ်စောင်ရှိမလဲဆိုတော့ (၇)စောင်ရှိပါတယ်ခင်ဗျား။ ဒါနဲ့ ကျွန်တော်တို့ ကြည့်လို့ရှိရင် အမျိုးသားလွှတ်တော်ဆိုတာက တိုင်းရင်းသားတွေ အများစုပါဝင်တဲ့ လွှတ်တော်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေအနေနဲ့ ကျွန်တော်တို့ စာအရေးအသား ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒါ ကျွန်တော်တို့ လွဲမှားနိုင် တဲ့ အနေအထားရှိပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ လက်မှတ်ပုံစံမှာ တစ်သီးပုဂ္ဂလ မပါရှိပေမယ့် တစ်သီးပုဂ္ဂလ အကွက်ကို သွားပါနေတဲ့ အနေအထားနဲ့ ဒီ ထောက်ခံ၊ ကန့်ကွက် လုပ်ရမယ့် အကွက်နဲ့ သွားကပ်နေတဲ့ အခါကျတော့ ဒါ မှားယွင်းနိုင်တဲ့ အနေအထားလို့ ကျွန်တော်တို့ မြင်ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ ဒီ ဆန္ဒမဲပြုတဲ့ နေရာမှာ ဘယ်သူကို ဆန္ဒမဲ ပြုတဲ့ နေရာကတော့ ထင်ထင်ရှားရှား ပေါ်ပေါက်နေပါတယ်။ ဘယ်သူကို ဆန္ဒပြုတယ်ဆိုတာ၊ အဲဒီကြောင့်မို့လို့ ကျွန်တော့်အနေ နဲ့ ခုန အကွက်မှားပြီးတော့ ခြစ်ထားတဲ့ ဆန္ဒမဲလက်မှတ်(၆)စောင်၊ (၇)စောင်မဟုတ်ဘူး၊ (၆)စောင်၊ (၆) စောင်ကို ဒီ ခုန ကျွန်တော်တို့ အတည်ပြုပါမယ်။ ဒါ ကျွန်တော်တို့ ခိုင်လုံတဲ့ မဲလို့ ကျွန်တော်တို့ သတ်မှတ် ပါမယ်။

နောက်တစ်ခါ (၁)စောင်ကတော့ ကျွန်တော်တို့ အမှန်ခြစ်တဲ့ အမှတ်အသားက ကျွန်တော်တို့ ဒီ တစ်ဖက်ကွက်ကို အဖျားလေးသွားစွန်းသွားတဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် စွန်းသွားတဲ့ အပေါ် ကွက်မှာ ကျွန်တော်တို့ ကြက်ခြေခတ်အမှတ်အသားကို ပြုထားတဲ့ အတွက်ကြောင့်မို့လို့ ဒါကလည်း ဆန္ဒပြုသူ အနေနဲ့ ဘယ်သူကို ဆန္ဒပြုတယ်ဆိုတာက ထင်ထင်ရှားရှား ပေါ်ပေါက်နေပါတယ်။ အစွန်း ကလေးသာ တစ်ဖက်ရောက်သွားပြီးတော့ အဲဒီအစွန်းလေးရောက်သွားတဲ့ အကွက်ကလည်း ကြက်ခြေ ခတ် အမှတ်အသား ခြစ်ထားတဲ့ အတွက်ကြောင့်မို့လို့ ဒါကို ကျွန်တော်တို့ ခိုင်လုံတဲ့ မဲအဖြစ် ကျွန်တော် သတ်မှတ်ပါတယ်။

အဲဒီ ကျွန်တော်အခုတင်ပြတဲ့ ခိုင်လုံမဲအဖြစ် သတ်မှတ်တာကို ကျွန်တော်တို့ လွှတ်တော်ဆန္ဒခံယူပါ့မယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ခုနတင်ပြခဲ့တဲ့ အကွက်မှား ခြစ်တဲ့ မဲလက်မှတ်(၆)စောင်ရယ်၊ ခုန အကွက်ကျော်သွားတဲ့ မဲလက်မှတ်(၁)စောင်ကို ကျွန်တော်တို့ ခိုင်လုံတဲ့ ဆန္ဒမဲ အဖြစ် သတ်မှတ်တာကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ကျွန်တော်တို့ လွှတ်တော်က အတည်ပြုတဲ့အတွက် ဒီ ဆန္ဒမဲ (၆)စောင်ကို ခိုင်လုံတဲ့ ဆန္ဒမဲ အဖြစ် ကျွန်တော်တို့ သတ်မှတ်ပါတယ်။ ဆန္ဒမဲ ဆက်လက် ရေတွက်နိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယသမ္မတလောင်းတစ်ဦးချင်းစီ ရရှိတဲ့ ဆန္ဒမဲ အရေအတွက်ကို ရေတွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ရေတွက် မှုကို လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖိတ်ခေါ်ပါတယ်။

[အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ပါမယ်။]

**ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏ အမည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းများ ရရှိတဲ့ ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကြေညာပါမယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ

ဦးဟင်နရီဗန်ထီးယူ ရရှိသည့် ထောက်ခံဆန္ဒမဲ (၁၄၈) မဲ၊

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ

ဦးခင်အောင်မြင့် ရရှိသည့် ထောက်ခံဆန္ဒမဲ (၁၃) မဲ၊

ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲမှာ ထောက်ခံ ဆန္ဒမဲအများဆုံးရရှိသူကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဟင်နရီဗန်ထီးယူ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈ အရ ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူ ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်ကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြမည်ဖြစ်ကြောင်းကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတရဲ့ အမည် စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ၁၁း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]